www.burmeseclassic.com

# ဇိကုပ်လို့ နတ်ပြည်ပို့

တက်တိုး

BURMESE CLASSIC .com

"ဟဲ့ ညည်းနာမည် ဘယ်လိုခေါ်သလဲ"

"ကျွန်မနာမည် ခင်စိန်ပဲ"

ခင်စိန်သည် စည့်ခန်းတံခါးဝ ခြေသုတ်ဖုံအနီးတွင် ကျုံ့ကျုံ့ကလေးထိုင်၍ ကျွန်တော့်ဇနီးအား လှမ်း၍ ဖြေလေသည်။

အသက် ဆယ့်ခုနစ်နှစ်ကျော်မျှ ရှိသေးသော်လည်း ဖျင်အင်္ကျီ ပခုံးနစ်ဖက်စလုံးစုတ်၍ အတွင်းခံသော်လီမှာ အပြင်ကမြင်ရသလောက် အစွန်းအစတွင် ကြေးလက်လေးသစ်တက်နေကာ လုံချည်မှာ အကွက်မပေါ်လောက်အောင် လျော်တောမည်းသည်းနေသောကြောင့် အသက်အတော်ကြီးပြီဟု ရုပ်ရည်ကိုကြည့်ခြင်းအားဖြင့် ဆုံးဖြတ်ရမည်ကဲ့သို့ ဖြစ်သည်။ သို့ရာတွင် သူ့မျက်နှာကို သေသေချာချာ ကြည့်လိုက်ပါမှ သူ့အသက်မှန်ကို ခန့်မှန်းနိုင်ဖွယ် ရှိသည်။ သူ့အသားမှာ ညိုသော်လည်း မျက်လုံးမျက်ဖန် ကောင်းမွန်ကြည်လင်၍ နှာတံပေါ်သဖြင့် နုနယ်သောအသွင်ကို ဆောင်လျက်ရှိသည်။ ပါးစပ်အနည်းငယ် ပြဲသော်လည်း ရုပ်ဆင်းကို ပါးစပ်က ဖျက်ဆီးမည့်ဟန် မမြင်ချေ။ အကယ်၍သာ ခင်စိန်သည် လူကုံထံတစ်ဦး၏ သမီးဖြစ်ပါလျှင် ညိုချောကလေးပဲဟု ကာလသားတို့ ဆုံးဖြတ်ကြပေလိမ့်မည် မလွဲတည်း။

"ညည်း သည်မှာနေချင်တယ်ဆိုရင် နေရတာပေါ့။ တို့ဆီမှာတော့ ပင်ပင်ပန်းပန်းလုပ်စရာ၊ ကိုင်စရာ မရှိပါဘူး။ ကလေးထိန်းရင်း အိမ်မှုရေးရာကလေးတွေ ဝိုင်းကူလုပ်ရုံပါပဲ။ ညည်းလိမ်မာရင် လိမ်မာသလို တို့ကကြည့်ရှုပြီး အဝတ်အစား ဆင်သွားမှာပေါ့။ စိတ်ချယုံကြည်ရတယ်ဆိုရင်တော့ သားသမီးလိုသဘောထားပြီး ငါ့သားသမီးများ ဝတ်ရင်ဝတ်ခြင်း၊ စားရင်စားခြင်း အတူတူပဲထားမှာပေါ့" ဟု ကျွန်တော့်ဇနီးက ခင်စိန့်ကို လေသံအေးအေးနှင့် ပြောလေသည်။

ခင်စိန်သည် ခေါင်းကလေးဆောင်း၍ နားထောင်နေလေသည်။ "ကျွန်မက ကိုယ့်မိဘအိမ်က သည်လောက်ဒုက္ခရောက်လို့ ပြေးလာတာ။ သည်မှာ တစ်သက်လုံးနေမှာပေါ့။ ဒေါ်ဒေါ်တို့ကို မိဘသဘောနဲ့ တစ်သက်လုံးနေမို့ပါပဲ" ဟု သွက်သွက်လက်လက် ပြန်ပြောလေသည်။

ခင်စိန်သည် မြို့နှင့်ခြောက်မိုင်ကွာ ရွာကလေးတွင် သူ့ဖခင်နှင့် မိထွေးတို့နှင့် အတူနေခဲ့လေသည်။ သူ့မိခင်ကို သူ့တစ်သက်တွင် တစ်ခါမျှမြင်ဖူးသည်ဟု မမှတ်မိချေ။ သူ့ကို မွေးဖွားပြီးနောက် မီးမတွက်မီ သူ့မိခင် သေဆုံးလေသည်။ ငယ်စဉ်က သူ့ကြီးတော်နှင့်နေ၍ ကြီးပြင်းလာရလေသည်။ သူ့အသက် ခုနစ်နှစ်လောက်တွင် သူ့ကြီးတော် သေဆုံးပြန်သဖြင့် သူ့ဖခင်က အိမ်သို့ပြန်၍ခေါ်ထားလေသည်။ အိမ်တွင် သူ့မိထွေးခိုင်းသမျှကို သူ့အသက်အရွယ်နှင့် အင်အားအလျောက် လုပ်ကိုင်ပေးသော်လည်း မိထွေးမှာ မိထွေးတို့ထုံးစံအတိုင်း ခင်စိန့်ကို မကျေနပ်ချေ။ ခင်စိန်ရှိသမျှ သူမလွတ်လပ်ဟု တစ်ထစ်ချတွက်ထားကာ ခင်စိန်မရှိအောင် အမျိုးမျိုး ကြံဆောင်လေသည်။

ခင်စိန်မှာ အသက်ကိုးနှစ်လောက်တွင်ပင် ငှက်ဖျားရောဂါဖြစ်လေသည်။ မြစ်ဝကျွန်းပေါ်တောရွာများတွင်မိုး



www.burmeseclassic.com

www.burmeseclassic.com



တွင်း၌ လူတိုင်းလိုလို ငှက်ဖျားရောဂါ ရကြလေ့ရှိသည်။ အသက်ငယ်ရွယ်နုနယ်သူတို့ပင်လျှင် ထိုရောဂါနှင့် မကင်းကြချေ။ အချို့ရွာများ၌ အခါလည်ကလေးများ ငှက်ဖျားရောဂါဖြစ်၍ သေဆုံးကြလေသည်။ ခင်စိန်၏ မိထွေးသည် ခင်စိန်သေနိုင်သော နည်းလမ်းများကို သူဉာဏ်မီသလောက် ရှာဖွေလေသည်။ ငှက်ဖျားအပြင်းဖျားသောနေ့ ၌ပင် မိထွေးသည် ခင်စိန်အား ကြက်သားဟင်းချက်ကျွေးလေသည်။ ခင်စိန်မှာအကြောင်းမသိသဖြင့် စားလေသည်။ စားပြီးနောက် အဖျားတက်လေတော့သည်။ ဖျားသော်လည်း မသေ၊ ဘောမည့်လမ်းသို့ ရောက်စေကာမူ မသေနိုင်သည့်အဖြစ် ပေါ်ပေါက်လာလေသည်။ သူ့အပြင်းဖျားနေစဉ် သူ့ဖခင်က မြို့မှကွီနိုင်ဆေးမှုန့်များ ယူလာလေသည်။ ခင်စိန်သည် ကွီနိုင်ဆေးမှုန့်လောက် ခါးသောအရသာကို တစ်သက်တွင် တစ်ခါမျှ မကြုံဖူးသေးချေ။ သို့သော် ထိုဆေးခါးကြီးကြောင့် သူ့ရောဂါကျသွားလေသည်။ သူ့မိထွေးလည်း စိတ်အပျက်ကြီး ပျက်သွားလေသည်။

ခင်စိန်၏ဖခင်မှာ တံငါသည်ဖြစ်သည်။ နံနက်မိုး မလင်းမီကတည်းက ချောင်းထဲတွင် ဘောက်တူကလေးတစ်စင်းနှင့်ဆင်း၍ ပိုက်တိုက်ရလေသည်။ ခင်စိန်မှာလည်း ပိုက်တိုက်ရာတွင် အသုံးဝင်နိုင်သော အရွယ်ရောက်လာပြီဖြစ်သည့်အလျောက် သူ့ဖခင်နှင့်အတူ လိုက်ရလေသည်။ တစ်နေ့၌ သူ့ဖခင်ကြီး ငှက်ဖျားထနေသဖြင့် သူ့မိထွေးက ခင်စိန်နှင့်အဟူ ပိုက်တိုက်ရန် ချောင်းသို့ ဆင်းရလေသည်။

မိုးလင်းခါစတွင် မိထွေးသည် ပိုက်များကို ပွေ့ကာ အိမ်သို့တစ်ယောက်တည်း ပြန်လာလေသည်။ အိပ်ရာထဲတွင် လဲနေသော သူ့ယောကျ်ားက လှမ်း၍ကြည့်လိုက်ရာ သူ့မျက်နှာ မှုန်သုန်သုန်ကို တွေ့ရလေသည်။ "ဘာဖြစ်လာသလဲ" ဟု ယောကျ်ားက မေးလိုက်ရာ မိန်းမက "အို မပြောပါနဲ့တော်။ တော့်သမီး အဟုတ်မဟုတ်လို့ ဘောက်တူ မှောက်တာပေါ့" ဟု ပြောလေသည်။ "အခု ခင်စိန်ကော" ဟု လူမမာက စိုးရိမ်သံနှင့် မေးလေသည်။ ထိုအခါ မိန်းမက မျက်ရည်တဖြိုင်ဖြိုင်ကျကာ "ချောင်းထဲမှာ ရေနစ်ကျန်ခဲ့တယ်တော့၊ ကျုပ်လည်းကယ်တော်မူပါလို့ အော်တာပဲ။ တံငါလှေတစ်စင်း ရောက်လာတော့ ခင်စိန် ရေထဲမြုပ်သွားတာ ပြန်မပေါ်တော့ဘူး၊ တံငါလှေက ပိုက်နဲ့တိုက်ရှာသေးရဲ့၊ မရတော့ဘူး" ဟု ပြောလေသည်။

လူမမာသည် မိန်းမ၏မျက်နှာကိုကြည့်ရင်း မျက်နှာထား တင်းမာစက်တရော် လာလေသည်။ အံကြိတ်၍ နှုတ်ခမ်းကိုကိုက်ကာ ဆုတ်ဆောကြည့်နေရာမှ သက်ပြင်းကြီးချကာ တစ်ဖက်သို့ လှည့်သွားလေသည်။ မိန်းမသည် ပိုက်ကွန်များကို ထောင့်တစ်ထောင့်တွင် ပစ်ထားလိုက်ပြီးလျှင် မီးဖိုချောင်သို့ဝင်၍ တရှိုက်ရှိုက် ငိုသံပေးနေလေသည်။

နေ ထန်းတစ်ဖျားလောက် ရှိသောအခါ ရွာထိပ်က ဆူညံဆူညံကြားရသည်။ လူမမာသည် အိပ်ရာထဲတွင် ကွေးလျက်ရှိသေးသည်။ မိန်းမသည် ထမင်းအိုးတည်ရန် မီးမွှေးနေသည်။ တဲရှေ့က မိန်းမကြီးတစ်ယောက်က "ရှင် မွှေမြရေ၊ ညည်းသမီး ရေနစ်တယ်ဆို၊ တို့တောင် မသိရပေါင်အေ။ အခုမှ ချောင်းဝက တံငါလှေတစ်စုက ခင်စိန် မျောလာတာမြင်လို့ ဆယ်ပြီး ရွာကို ပြန်ခေါ်လာသတဲ့။ ရွာထိပ်မှာ လူတွေ သွားကြည့်နေကြပါကော" ဟု လှမ်း၍ ပြောလိုက်လေသည်တွင် ကွေးနေသော လူမမာက ရုတ်တရက် တဲရှေ့ဘက်သို့လှည့်ကာ "ဟင် ဟုတ်လား" ဟု အော်လိုက်သည်နှင့် မရှေးမနှောင်းတွင် မီးဖိုချောင်ထဲမှလည်း "ဟိုက်" ဟူသော အသံတစ်သံ ပေါ်ထွက်လာလေသည်။

"ဟော ပြောရင်းဆိုရင်း ခင်စိန် လာပါပကော" ဟု တဲရှေ့က မိန်းမကြီးက ပြောလိုက်သည်။ တဲရှေ့တွင် လူသံများ ကြားရသည်။ "သည်တဲပဲ မဟုတ်လား" ဟု လူသံကြားမှ တစ်ယောက်က မေးလိုက်သည်။ "ဟုတ်တယ် ဖိုးရွှေလူ တဲပေါ့" ဟု ပြန်ဖြေသံကိုလည်း ကြားရသည်။ ထို့နောက် လူသုံးယောက်၊ တစ်ကိုယ်လုံး ရေစိုလျက် ဆံပင်ဖားလျား မိန်းကလေးတစ်ယောက်ကိုတွဲ၍ တဲထဲသို့ ဝင်လာလေသည်။

လူမမာသည် အိပ်ရာမှ ရုတ်တရက်ထိုင်လေသည်။ နောက်မှတစ်ဖန် ခေါင်းအကြီးအကျယ် ကိုက်နေဟန်ဖြင့် ခေါင်းကို လက်နှစ်ဖက်နှင့် ညှပ်ပြီးလျှင် အိပ်ရာထဲသို့ ပြန်လှဲလိုက်လေသည်။ မီးဖိုချောင်ထဲမှ ဒေါ်ရွှေမြသည် ချက်ချင်းထွက်လာ၍ ခင်စိန်ကို ပွေ့ဖက်လေသည်။

"အမယ်လေးဟဲ့ သမီးရဲ့၊ ဖြစ်မှဖြစ်ရလေဟယ်" ဟု ဆိုကာ အခန်းထဲမှ ခေါင်းအုံးတစ်လုံး ပြေးယူကာ အိမ်ဦးခန်း၌ပင် လှဲထားလေသည်။ ခင်စိန်သည် သူ့မိထွေးကို တစ်ချက်မျှ မျက်လုံးလှန်ကြည့်ပြီးလျှင် တစ်ဖက်သို့ စောင်း

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



၍ မျက်စိမှိတ်ကာ ငြိမ်နေလေသည်။

ရွာကလူကြီးများလည်း လာရောက်ကြည့်ရှုမေးမြန်းကြသည်။ ကလေးတစ်သိုက်မှာလည်း ပွဲကြည့်သလို ဝိုင်းအုံနေကြလေသည်။ ခင်စိန်ကို ဆယ်လာသော တံငါသည်သုံးယောက်ကလည်း လူအများ မေးခွန်းတို့ကို အဆက်မပြတ်ဖြေနေရလေသည်။ သူတို့ဆယ်ပြီး ကွမ်းတစ်ယာညက်ကြာမှ ခင်စိန်အသက်မှန်မှန် ရှူလာပြီးလျှင် ညည်းတွားကြောင်းပြောပြလေသည်။

"ဘယ်လိုလုပ်ပြီး ရေနစ်ရတာလဲ" ဟု တစ်ယောက်ကမေးလိုက်ရာ ဒေါ်ရွှေမြမှာ မနေသာ၍ "အို သူနဲ့ကျုပ်ပိုက်ဆင်းတိုက်တာ သူက ဘောက်တူ အစွန်းတက်နင်းလိုက်တာနဲ့ ဘောက်တူ မှောက်သွားတာပေါ့။ သူက ရေကောင်းကောင်း မကူးတတ်သေးတော့ နစ်သွားတာပေါ့။ ကျုပ်မလည်း ကယ်တော်မူပါ၊ ကယ်တော်မူပါလို့အော်တာမနက်အစောကြီး ဖြစ်နေတော့ ချောင်းထဲမှာ လှေတွေ၊ သမ္ဗာန်တွေ နည်းနေတာကို တော်တော်လေးကြာမှ စိန်ဟန်တို့ဘောက်တူ ရောက်လာပြီး ပိုက်နဲ့တိုက်ရှာတာပဲ။ မတွေ့တော့ဘူး" ဟု ခပ်လေးလေး ခပ်မှန်မှန်လေသံဖြင့် ပြောလေသည်။ ခင်စိန်မှာ ငြိမ်နေရာမှ လှုပ်ရှားလာပြီးလျှင် တစ်ဖန် ငြိမ်သွားပြန်သည်။

နာရီဝက်လောက် ကြာသောအခါ လူစုကွဲလေပြီ။ ခင်စိန်ကို ကယ်ဆယ်လာသော တံငါသုံးယောက်အားဒေါ်ရွှေမြက ထမင်းစားပြီးမှ ပြန်ပါဟု ဆိုလေသည်။ အိပ်ရာထဲတွင် တဟီးဟီးနှင့် အဖျားတက်နေသော ဖိုးရွှေလူကလည်း အသံတုန်တုန်ယင်ယင်နှင့် ကျေးဇူးတင်ကြောင်း၊ ထမင်းစားပြီးမှ ပြန်ပါမည့်အကြောင်း ပြောလေသည်။

"ဟာဗျာ တော်ပါပြီ၊ ထမင်းစားနေဖို့ အချိန်မရှိဘူး။ ပုစွန်တွေ မြို့တင်ဖို့ဟာ အခုတောင် အချိန်နောက်ကျနေပြီ" ဟု ဆိုကာ တံငါသုံးဦးတို့သည် စည့်ခန်းမှ ကွမ်းအစ်ကိုယူ၍ ကွမ်းတစ်ယာစီယာ၍ ဝါးသွားကြလေသည်။

"အဲသည်နေ့ ညနေပဲ ကျွန်မလည်း ထွက်ပြေးလာခဲ့တာပဲ။ မိထွေးက ကျွန်မကို သေကြောင်းကြံတာ။ ဒီတစ်ခါကံကောင်းလို့ လွတ်ပေမဲ့ နောက်တစ်ခါဆိုရင် သေမှာအမှန်ပဲ။ ဒါကြောင့် ကျွန်မလည်း မနေဝံ့တော့ဘဲ ညနေ နေဝင်ရီသရောမှာ ရွာရှေ့က သုသာန်ကျောင်းက သီလရှင်တွေ ဇရပ်ကိုပြေးပြီး တစ်ညအိပ်ပြီး နောက်တစ်နေ့ မနက်စောစောကြီး ဒီမြို့ကို ရောက်အောင် လာခဲ့တာပဲ"

ခင်စိန်ပြောသည့်သူ့အတ္ထုပ္ပတ္တိကလေးကို ကျွန်တော်တို့နှစ်ယောက်သည် ဟုတ်တန်ရာ၏ဟု ဆုံးဖြတ်ကာ ခင်စိန်ကို သနားကြလေသည်။ ကျွန်တော့်ဇနီးက ကရုဏာသက်ကာ "ညည်း ဒီလောက်ဒုက္ခရောက်လာတာ၊ တရားရပေတော့။ တို့ဆီမှာတော့အေ ညည်း ချမ်းချမ်းသာသာနေရမှာပါပဲ။ ညည်း ဦးလေးကလည်း ရှေ့လလောက် ရန်ကုန်ပြန်ပြောင်းရမှာပဲ။ တို့က စစ်မဖြစ်ခင်တုန်းကတည်းကရန်ကုန်မှာနေတာ။ အခု စစ်အတွင်းတုန်းက ဒီမြို့ကလေးမှာ မိဘဆွေမျိုးရှိလို့ လာခိုနေတာ။ စစ်ပြီးပြီဆိုတော့ ရန်ကုန်ပြန်ကြမှာပေါ့။ ညည်းရန်ကုန်ရောက်ရင် ပျော်မှာပေါ့အေ။ မိထွေးရန်နဲ့လည်း ဝေးသထက်ဝေးတော့မှာပေါ့" ဟုပြောလေသည်။

ခင်စိန်သည် ကျွန်တော်တို့ ကလေးနှစ်ယောက်ကို ခင်မင်ယုယစွာ ထိန်းလေသည်။ သွက်သွက်လက်လက်ရှိသဖြင့် အစစအရာရာတွင် စိတ်ချရလေသည်။ အိမ်တွင်းမှု အလုပ်အကိုင်တို့ကို ကျွန်တော့်ဇနီးက သင်ပြပေးရာ ခင်စိန်သည် မကြာမီပင်လျှင် မျက်နှာလွှဲလောက်အောင် ကျင်လည်လျက် ရှိလေသည်။

အဝတ်အစား သန့်သန့်ပြန့်ပြန့်နှင့် ပြုပြုပြင်ပြင်ထားလိုက်သဖြင့် ခင်စိန်သည် တသွေးတမွေး ဖြစ်နေလေသည်။ ရွာက စုတ်စုတ်နုတ်နုတ် အနေအထားမျိုး မဟုတ်သလောက်ပင် သူ့အမူအရာမှာလည်း တောခလေ့ပျောက်၍ မြို့ဆန်လာလေသည်။ ကျွန်တော့်ဇနီးက သင်ကြားပေးသဖြင့် အပြောအဆို အနေအထိုင် သိပ်သည်း၍ ယဉ်ကျေးလာလေသည်။

မြို့အလေ့၊ မြို့ထုံးစံတို့သည် ရွာက မကြုံဖူးသူ ခင်စိန့်အဖို့ ဆထက်ထမ်းပိုးတိုး၍ လွှမ်းမိုးနေသဖြင့် တောသားရဲ ဆွဲထုတ်ဆိုသည့် အလွန်အကြူး အခြေမျိုးသို့ ရောက်မတော့အုံဆဲဆဲ ဖြစ်နေလေတော့သည်။ ခင်စိန်သည် မြို့သူကလေးများ၏ အလေ့အထကို့ကို လိုက်ကာ ခေတ်ဆန်လိုလှသည်။ ကျွန်တော်တို့မှာကား ခေတ်မီသည်ဟု ဆိုနိုင်သော်လည်း ခေတ်ဆန်မှုကို လိုလားသူများ မဟုတ်ချေ။ ခင်စိန်သည် မြို့သူကလေးများ ကျော့ကျော့မော့မော့နေပုံကို မီအောင်လိုက်၍ နေလေသည်။ ကျွန်တော့်ဇနီးအဖို့ ထိုသို့ကြွစောင်းစောင်းမျိုးကို အားမပေးဘဲ နိုင်ငံသ

www.burmeseclassic.com



လောက် နိမ့်လေသည်။

"မိန်းကလေးဆိုတာ ပိပိရိရိရှိမှ အဖိုးတန်တာအေ့။ ပေါကျော့လုပ်နေလို့ ကောင်းတာမဟုတ်ဘူး။ ပြီးတော့ ညည်းတို့လို အပျိုအရွယ်ကလေးများဟာ သတိရှိရမယ်။ သူတကာပြောတိုင်း ဟုတ်နိုးနိုးမထင်နဲ့။ မှားတတ်တယ်။ မသမာတဲ့လူတွေနဲ့ တွေ့လိုက်ရင် ညည်းတစ်သက်လုံး ပြုစုလာခဲ့သမျှ ဂုဏ်ကလေး၊ သိက္ခာကလေးတွေ ပျက်ပြီး မဟုတ်မဟတ်ဘဝ ရောက်သွားတတ်တယ်" ဟု ကျွန်တော့်ဇနီးက သူ့ကိုအချိန်ရတိုင်း အေးအေးဆေးဆေး ရင်းရင်းနှီးနှီး ဆုံးမလေ့ရှိသည်။

ထိုအခါမျိုး၌ ခင်စိန်သည် နားကလေးငုံ၍ ထောင်နေလေသည်။ ဆင်ခြေးကန်ခြင်း၊ စောဒကတက်ခြင်းမရှိချေ။ သို့သော် လူကြီးများလစ်လျှင် လျှပ်ပေါလော်လီသောစိတ်ထားကို မွေးတတ်လေသည်။

မည်သို့နည်း။ ကျွန်တော်ပြောပြပါမည်။ သူသည် လူကြီးများ သူ့ကို ဂရုမပြုမိသည့်အခါများတွင် တိတ်တိတ်ပုန်း ဝယ်ထားသော နှုတ်ခမ်းဆိုးဆေး ဆိုးတတ်သည်။ ပေါင်ဒါကို သာမန်ထက်ပို၍ မွှမ်းတေ့တတ်သည်။ ဟန်လုပ်၍ ပြောတတ်သည်။ မရိုးတရိုး နေကြည့်တတ်သည်။ ထိုသို့ အပျိုလုပ်ခြင်း၏ အကြောင်းရင်းကို စိစစ်ကြည့်လိုက်လျှင် ကျွန်တော်တို့နေသောအိမ်နှင့် ဆယ်အိမ်ခန့်အကွာတွင် သူငယ်ကလေးတစ်ယောက်က သူ့ကိုမျက်စိကျနေသောကြောင့် ဖြစ်သည်။ သူငယ်ကလေး အကြောင်းကို သူမသိ၍သာ မက်မောနေဟန်ရှိသည်ဟု ကျွန်တော်တို့က ယုံကြည်မိသည်။ အကယ်၍ သူငယ်ကလေးအကြောင်း သိလျှင် ခင်စိန်မှာ နောင်တကြီးစွာရလိမ့်မည်ဟု ထင်သည်။

ထို့ကြောင့် ကျွန်တော့်ဇနီးက ထိုသူငယ်ကလေး အကြောင်းကို စကားစပ်မိဟန်နှင့် သူသိအောင် ကျွန်တော့်အား လှမ်း၍ပြောလေသည်။ "သည့် ထွန်းမောင်ဆိုတဲ့အကောင်ဟာ လူမသမာကလေးပဲ။ သူဖျက်ဆီးဟဲ့ ကောင်မလေးတွေ ဘယ်လောက်များသလဲ" ဟု ဇနီးသည်က စ၍ ပြောလိုက်သောအခါ ကျွန်တော်က "ဟုတ်သားပဲ၊ ငါလည်း သိပါတယ်ကွာ၊ ဟိုစပါးသယ်တဲ့ ကောင်မလေးဟာ သူ့ကြောင့် ကလေးရပြီး သွားဖျက်ချရာမှာ သေသွားတာပဲ။ မင်းတို့မြို့က ကောင်လေးတွေအကြောင်း ငါအပေါ်သိပါတယ်" ဟု ပြန်ပြောလေသည်။

ခင်စိန်သည် ကျွန်တော်တို့ စကားကို နားထောင်နေသည်။ သို့သော် ထွန်းမောင်အပေါ်တွင် စိတ်ပျက်သွားဟန် မရှိချေ။ နောက်နေ့ သောက်ရေခပ်ရန် ရေကန်သို့ သွားသောအခါ ကန်ပေါင်စောင်းတွင် ထွန်းမောင်နှင့်တွေ့လေသည်။ ကျွန်တော်တို့လည်း ချက်ချင်းပင် သတင်းပေးလာသဖြင့် သိရလေသည်။

ခင်စိန် မှုမမှန်မှုကို ကျွန်တော်တို့ဇနီးမောင်နှံ တိုးတိုးဆွေးနွေးကြရတော့သည်။ ကျွန်တော့်ဇနီးမှာ ခင်စိန်ကို သတိပေးပါလျက်နှင့် ကဲရပါမို့လားဟု စိတ်ဆိုးလေသည်။ "သူ့ကို ထားလို့မဖြစ်ဘူး၊ နှင်ထုတ်လိုက်မှပဲ" ဟု စိတ်လိုက်မာန်ပါ ပြောလေသည်။ ကျွန်တော်က "နှင်ထုတ်ရုံနဲ့ ကိစ္စမပြီးဘူးကွ။ နှင်ထုတ်လိုက်ရင် ကောင်မလေး လမ်းမှားရောက်ပြီး ကိုးရိုးကားရား ဖြစ်သွားမှာပေါ့" ဟု ပြောရလေသည်။

တစ်နေ့ညတွင် ခင်စိန့်အလစ်တွင် ကျွန်တော့်ဇနီးက သူ့ရှုတ်ထားသော အတွင်းခံအကျီကို နှိုက်ရှာဖွေရာ စာတစ်စောင် တွေ့လေသည်။ စာမှာ -

"မောင် မနက်ဖြန် ရေကန်အလာမှာ မောင်ခေါ်ချင်တဲ့ဆီကိုပဲ ခေါ်ပါတော့။ ခင်လိုက်တော့မယ်" ဟု ပါရှိလေသည်။

ကျွန်တော်တို့နှစ်ယောက်မှာ စာကိုကြည့်၍ အံ့အားသင့်နေကြသည်။ ခင်စိန်သည် စာရေးတတ်ဖို့ဝေးစွ၊ ကကြီးခခွေးပင် မတတ်ချေ။ ယခု စာကို ကျကျနန လက်ရေးလက်သားကောင်းကောင်းနှင့် တွေ့ရသည်။ ကေန္တ တစ်ယောက်ယောက်က ဦးပုညလုပ်နေပြီဟု တွေးမိကြသည်။ ဦးပုညလုပ်သူကို ရှာဖို့ကား ခဲယဉ်းလှသည်။ အိမ်တွင် ကျွန်တော်တို့ တူမကလေးတစ်ယောက်သာ ရှိသည်။ သူကလည်း ခင်စိန့်လူဖြစ်ဖို့ဝေးစွ၊ ခင်စိန်၏ အမှုကွဲပုံကို အမြဲပြော၍ ကျွန်တော်တို့အား သတိပေးနေလေသည်။

ထိုကိစ္စကို ဆက်၍မစုံစမ်းမီ ရုတ်တရက် ဆောင်ရွက်ရသည်မှာ ခင်စိန်ကို သောက်ရေခပ်ရန် ကန်သို့မလွှတ်ဘဲ ထားရခြင်းပင် ဖြစ်တော့သည်။ ရေထမ်းသမား အလွန်ရှားသော တောမြို့ကလေးဖြစ်သဖြင့် ဤသို့ဆောင်ရွက်လိုက်ရခြင်းမှာ အလွန်ပင် ထိမိုက်သွားလေတော့သည်။

ခင်စိန်ရေခပ် မထွက်ရသောနေ့ညတွင် အိမ်ရှေ့လမ်းမက အသံသြကြီးနှင့် ထွန်းမောင်၏သီချင်းသံကို ကြားကြ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ရလေသည်။ ခင်စိန်ထွက်၍ လိုက်လေမည်လားဟု ညဥ့်တွင် သတိနှင့်အိပ်ရလေသည်။ အရွယ်ရောက်သော အစေခံမကလေးကို မွေးထားရခြင်းသည် အရွယ်ရောက်သော သမီးကို မွေးထားရခြင်း ဒုက္ခနှင့် မခြားဖြစ်တော့သည်။

ကျွန်တော်သည် ခင်စိန်၏ အမူအရာနှင့် စိတ်နေစိတ်ထားကို ဂရုပြု၍ ကြည့်ရှုစုံစမ်းလေသည်။ ခင်စိန်သည် ကျွန်တော်တို့ အထူးတလည် ပိတ်ပင်လိုက်သည့်အခါ၌လည်း ငြိမ်၍နေသည်။ ထိုငြိမ်နေခြင်းကို ကျွန်တော် မသင်္ကာလှချေ။ ထို့ကြောင့် ကျွန်တော့်ဇနီးအား စုံစမ်းခိုင်းရသည်။ "သူတို့ တကယ်ကြိုက်နေရင် ပေးစားလိုက်တာ အေးပါတယ်" ဟု ကျွန်တော်က ပြောရာ ဇနီးက "ပေးစားတော့ကော ထွန်းမောင်က ယူမှာတဲ့လား" ဟု မေးလိုက်သည်တွင် ကျွန်တော့်မှာ ထွန်းမောင်၏ အကျင့်ကိုသိသဖြင့် နှုတ်ပိတ်လိုက်ရတော့သည်။

နောက်တစ်နေ့တွင် ခင်စိန်၏ အတွင်းအင်္ကျီထဲမှ စာတစ်စောင် ထပ်၍တွေ့ရပြန်သည်။ ထိုစာမှာကား ထွန်းမောင်ထံမှပေးသော စာဖြစ်တန်ရာသည်။ စာအဆိုက "ခင်ရယ်၊ တစ်နေ့ကများ ကန်ပေါင်မှာ တစ်ညနေလုံး စောင့်နေတာ၊ ခင်မပေါ်လာတာနဲ့ မိုးချုပ်မှ စိတ်ပျက်ပျက်နဲ့ ပြန်ရတယ်။ ဘာလို့မလာတာလဲ။ ခင် ထိန်းနေရတဲ့ကလေး နေမကောင်းလို့လား၊ ကလေးကို တစ်ယောက်ယောက် အမှတ်တမဲ့ပေးပြီး လစ်လာခဲ့ပါလား" ဟု ပါရှိသည်။

"ကဲ မဖြစ်ချေတော့ဘူး။ ဒီလိုဆိုရင် ခက်ကုန်လိမ့်မယ်။ ထွန်းမောင်ကို ခေါ်ပြီးမေးမှပဲ" ဟု ကျွန်တော်တို့နှစ်ယောက် တိုင်ပင်ပြီးလျှင် ထွန်းမောင်ကို အခေါ်ခိုင်းလိုက်လေသည်။ ထွန်းမောင်လည်း ဣန္ဒြေမပျက် ရောက်လာလေသည်။ ထိုအခါ ကျွန်တော်က စာကိုပြ၍ "ဒါ မင်းရေးတာလား" ဟု မေးရာ ထွန်းမောင်က အကယ်ပင် အံ့အားသင့်ကာ "ကျွန်တော် ရေးတာ မဟုတ်ဘူး၊ ကျွန်တော် သူ့ကိုလည်း မသိပါဘူး" ဟု ပြောလေသည်။

ထိုအခါ ကျွန်တော့်ဇနီးက ခင်စိန့်ဘက်သို့လှည့်ကာ "ညည်းကို စာပေးတာ သူပဲမဟုတ်လား" ဟု ရက်တရက် မေးလိုက်ရာ ခင်စိန်က မျက်နှာပြောင်တင်းတင်းနှင့် "ဟုတ်ပါတယ် သူပါပဲ" ဟု ပြောလေသည်။ ထွန်းမောင်သည် ခင်စိန့်စကားကို ကြားရသည်နှင့်တစ်ပြိုင်နက် မျက်လုံးမျက်ဆန်ပြူးကာ "ဟဲ့ ငါနှင့်နဲ့ ဘယ်တုန်းက တွေ့ဖူးလို့လဲ၊ နင့်ကိုလည်း ငါ ဂရုမစိုက်မိဘဲ အခု ဘာလို့ ငါ့ကို စွပ်စွဲရတာလဲ ဟင်" ဟု ကြိမ်းမောင်းလေသည်။

ကျွန်တော်တို့မှာ ထွန်းမောင် လူလည်ဖြစ်မှန်းသိ၍ အတည်ပေါက် ဖြီးနေသည်ဟု မှတ်ယူကာ ထွန်းမောင်ကို ဆုံးမစကားပြောပြီးနောက် ပြန်လွှတ်လိုက်ကြရလေတော့သည်။ ခင်စိန်လည်း မျက်နှာပြောင်တင်းတင်းနှင့်ပင် အိမ်ထဲသို့ဝင်သွားလေသည်။

ခင်စိန်၏ ပြောင်တင်းတင်းမျက်နှာထားမှာ ကျွန်တော် နားမလည်နိုင်အောင် ရှိတော့သည်။ အပျိုအရွယ်ဖြစ်၍ ရှက်စနိုးဖြစ်သင့်ပါလျက် ပြောင်တင်းတင်းမျက်နှာ၏ အဓိပ္ပာယ်ကို အကဲခတ်မတတ်အောင် ဖြစ်ချေတော့သည်။ သူ့မျက်နှာထားသည် ဟိုတယ်ဆိုင်များ နတ်နန်းများက ခင်ပျိုမယ်တို့ မျက်နှာထားနှင့် ဆင်တူလှသည်ဟု စိတ်တွင် မသိုးမသန့်ဖြစ်မိသည်။ ကျွန်တော်သည် ဟိုတယ်မယ် နတ်နန်းမယ်တို့၏ အနေအထိုင် မျက်နှာနေမျက်နှာထားတို့ကို ဂရုပြုမိလေသည်။ သူတို့၏ စိတ်နေစိတ်ထားကိုလည်း သုတေသီအဖြစ် စုံစမ်းလေ့လာဖူးလေသည်။ ခင်စိန်က ထွန်းမောင်ကိုကြည့်၍ ပြောလိုက်သော မျက်နှာထားမှာ ကျွန်တော့်စိတ်ကို တုန်လှုပ်သွားစေသည်။ ထွန်းမောင် ပြန်သွားသောအခါ အိမ်ထဲသို့ ဝင်သွားသော ခင်စိန့်မျက်နှာထားမှာလည်း မှတ်သားဖွယ်တစ်ရပ် ဖြစ်လေသည်။ ကျွန်တော်သည် ခင်စိန်၏ အပြုအမူအနေအထိုင်တို့ကို ရှေးကကဲ့သို့ အမှတ်မထင် မနေဘဲ သုတေသီစိတ်မျိုးနှင့် ဂရုပြုမိတော့သည်။

ထွန်းမောင် ကိစ္စပြီးဆုံးပြီဟု ယူဆရပေတော့မည်။ ထွန်းမောင်၏ နားငြီးဖွယ်အသံအောက်ကြီးနှင့် သီချင်းဆိုသံကိုလည်း မကြားရတော့ချေ။ ခင်စိန်၏ အတွင်းအင်္ကျီတွင်လည်း ရည်းစားစာ မတွေ့ရတော့ချေ။ ကျွန်တော်တို့နှစ်ယောက်မှာ ခင်စိန့်အတွက် စိတ်သက်သာရာ ရတော့ပြီဟု အောက်မေ့မိကြလေသည်။

ထိုအခိုက် ကျွန်တော်သည် ခင်စိန့်ကို ရှေးကနှင့်မတူ အထူးဂရုစိုက်၍ ကြည့်မိလေသည်။ ခင်စိန်၏ ကိုယ်လုံးကိုယ်ပေါက်သည် တင်းရင်းကျစ်လျစ်လာသည်ဟု ထင်ရသည်။ သူ့ပါးကလေးများသည် သိသိသာသာ မို့၍လာသည်။ သူ့မျက်လုံး၊ အလို၊ သူ့မျက်လုံးကား အ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ရောင်တောက်လာသည်မှာ မပြောပြနိုင်လောက်အောင်ပင်တည်း။ အပျိုရည်တို့၏ တင်းရင်းကျစ်လျစ်သည်ကို ကျွန်တော် အထူးမဆိုလိုပါ။ သူ့မျက်လုံးတောက်ပပုံကိုသာ ပို၍ဂရုပြုမိတော့သည်။ သူ့မျက်လုံးတောက်ပပုံမှာ ထူးဆန်း၏။ တောက်ပသော်လည်း ကြည်လင်ခြင်းမရှိ၊ သူ့မျက်လုံး၏ အရောင်သည် သူ့မျက်နှာတစ်ပြင်လုံးကို လွှမ်းနေဟန်ရှိသည်။ သူ့မျက်နှာမှာ စတွန်းကင်းဓာတ်မီးအောက်တွင် နေသော မျက်နှာမျိုးကဲ့သို့ ပြောင်ဘင်းတင်းဖြစ်နေသည်။

ကျွန်တော်က ဂရုစိုက်၍သူ့ကိုကြည့်ကြောင်း သူရိပ်မိသည်မှာ ထင်ရှားသည်။ သူ့မျက်လုံးများသည် တစ်ခါတစ်ရံ ပြုံးဝိုင်းဝိုင်းလုပ်ကာ ကျွန်တော့်ကို တစ်ပတ်လည်၍ကြည့်လိုက်သည်။ "ဩော် ညို့တယ်ဆိုတာ ဒါမျိုးပဲ ထင်ပါရဲ့"ဟု ကျွန်တော့်မှာ တစ်ကိုယ်တည်း မှတ်ချက်ချလိုက်ရတော့သည်။

ခင်စိန် အလှပြင်သည့်အလုပ်မှာ တစ်နေ့တစ်ခြား အိမ်အလုပ်ထက် ကြီးကျယ်လာတော့သည်။ ကျွန်တော့်ဇနီးမှာ ခင်စိန်၏အမှုအရာကို မနှစ်မြို့ချေ။ "ဒီကောင်မကလေး ထိန်းလို့နိုင်မှာမဟုတ်ပါဘူး။ သူ့ရွာကို ပြန်ပို့လိုက်မှပဲ"ဟု ကျွန်တော့်အား စိတ်ပျက်သံနှင့် ပြောပါသည်။ ခင်စိန်မှာ ရွာသို့ပြန်ပို့မည်ဟု လေသံကြားရရုံနှင့် သေမတတ် ကြောက်ရွံ့လေသည်။ ပထမက ကျွန်တော်သည် သူ့မိထွေး၏ ရန်ကိုကြောက်၍ ရွာသို့မပြန်ချင်ခြင်းပင်ဟု အောက်မေ့မိသည်။ ကျွန်တော့်အတွေး ရိုးလွန်းလှချေသည်တကား။ သူ ရွာသို့ပြန်လျှင် မြို့တွင်နေသော အနေအထိုင် အဝတ်အစားမျိုးကို ပစ်ပယ်ရမည်ကြောက်သောကြောင့် ဖြစ်ကြောင်း နောက်မှ တွေးမိတော့သည်။

တစ်နေ့သ၌ ခင်စိန်သည် ကျွန်တော့်ဇနီးနှင့်အပြင်သို့ ဈေးဝယ်ထွက်၍ ပြန်လာသည်။ ကျွန်တော်သည် ပက်လက်ကုလားထိုင်ပေါ်တွင် ထိုင်၍ စာအုပ်တစ်အုပ် ဖတ်နေသည်။ သူသည် သူ့အခန်းတွင်းသို့ ရက်တရက်ဝင်၍ အဝတ်လဲသည်။ သူ့အခန်းပေါက်နှင့် ကျွန်တော်ထိုင်နေသည့်နေရာမှာ မျက်စောင်းထိုးဖြစ်သည်။ သူသည် ကျွန်တော့်ဘက်သို့ တစ်ချက်လှမ်းကြည့်ပြီးလျှင် ထဘီအပေါ်လွှာကို ရုတ်ခြည်းချွတ်ချလိုက်လေတော့သည်။ ကျွန်တော်သည် တစေ့တစောင်း မြင်မိသော်လည်း မျက်နှာမပျက် စာအုပ်ကိုသာ ဆက်၍ဖတ်နေပါသည်။

နောက်တစ်နေ့ည သန်းခေါင်အချိန်လောက်တွင် ကျွန်တော်သည် အိပ်ရာမှနိုး၍ နောက်ဖေးခန်းသို့ အပေါ့အပါးသွားရာ ကျွန်တော့်ဇနီးလည်း ကျွန်တော်နှင့်အတူ နောက်ဖေးခန်းသို့ လိုက်လာပါသည်။ တစ်အိမ်လုံးမှာ မီးငြိမ်းထားသဖြင့် မှောင်နေပါသည်။ ကျွန်တော်သည် လက်နှိပ်ဓာတ်မီးနှင့် တံခါးများ ကန့်လန့်ကောင်းစွာ ထိုးထားသလားဟု လှမ်း၍ထိုးကြည့်ရာမှ ခင်စိန်၏ အခန်းတံခါးကို ထိုးကြည့်မိပါသည်။ အခန်းတံခါးဟနေသဖြင့် ကျွန်တော့်ဇနီးကို လက်တို့ပြကာ ခင်စိန့်အခန်းတွင်းသို့ နှစ်ယောက်သား ဖြည်းညင်းစွာ ဝင်ကြပါသည်။

အခန်းထဲတွင် ခင်စိန်မရှိ။

ထိုအခါ ကျွန်တော့်ဇနီးက မီးဖိုတံခါးကို သွား၍ကြည့်ရာ မီးဖိုးတံခါး ပွင့်လျက်ရှိလေသည်။

"အနီးအနားမှာ ရှိသေးသလား မသိဘူး၊ ရှာကြည့်ရအောင်"ဟု ကျွန်တော်က အကြံပေးလိုက်သည်တွင် ကျွန်တော့်ဇနီးက သတိရဟန်ဖြင့် "နောက်ဖေးက စပါးကျီထဲများ ရောက်နေသလား"ဟု ဆိုလေသည်။

ကျွန်တော်တို့သည် မီးဖိုတံခါးမှထွက်၍ နောက်ဖေး စပါးကျီကြီးဘက်ဆီသို့ ခြေသံမကြားအောင် လက်တွဲ၍ လျှောက်လာကြပြီးလျှင် ပွင့်နေသော ကျီတံခါး အနီး နား ရှင့်နေကြလေသည်။

"တစ်နေ့က စာတွေ တွေ့သွားတော့ လူကြီးတွေက ထွန်းမောင်ကိုထင်ကြတာပေါ့၊ အစ်ကိုကြီး ဆင်လိုက်ပုံ အတော်ဟန်တယ်"ဟူသော ခင်စိန်၏အသံကို ကြားရသောအခါ ကျွန်တော်တို့နှစ်ယောက်မှာ မှောင်ထဲတွင် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်၍ ငေးနေမိကြပါသည်။

"ဒါလောက်တော့ အပျော့ပေါ့ ခင်စိန်ရာ၊ ထွန်းမောင်ကြီးကို လူကြီးတွေကထင်မှ ငါ နှင့်ကို လွတ်လွတ်လပ်လပ် ချစ်ရမှာပေါ့"ဟု အသံလေးကြီးတစ်ခုက ဆိုလေသည်။

ထိုအသံကို ကျွန်တော်တို့ ကျက်မိကြပါသည်။ ထိုအသံရှင်မှာ မြို့ပေါ်တွင် နာမည်ကြီးသော နတ်ခေါင်းကြီး တင်မောင်၏အသံဖြစ်သည်။ တင်မောင်သည် မိန်းကလေး မိန်းမငယ်တို့ကို မြူဆွယ်ဖျက်ဆီး၍ အတန်းထဲကို ပို့သူ ဖြစ်သည်။ ကျွန်တော့်ဇနီးမှာ ဒေါသဖြစ်၍ ဆတ်ဆတ်တုန်နေတော့သည်။ ကျွန်တော်က သူ့ကို ပခုံးလှုပ်၍ အိမ်ထဲသို့ လက်ဆွဲကာ ပြန်ခေါ်သွားရသည်။

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



မီးဖိုချောင်သို့ရောက်မှ "သည်တင်မောင်ဆိုတဲ့ အကောင်အကြောင်းလည်း မင်းကြားဖူးနေတာပဲ။ အခုနေ ရှုးရှူးရှားရှားလုပ်လိုက်ရင် တို့သာ အရှက်ကွဲမယ်၊ ခင်စိန်ဟာ မကောင်းတဲ့ကောင်မလေးလို့ လူတွေပြောပြီး တို့ပါ အလကား မျက်နှာမလှဖြစ်နေမယ်။ အခုမှတော့ မထူးဘူး၊ နက်ဖြန်ကျမှ မင်းက ခင်စိန်ကို အကြောင်းအကျိုးပြောပြပြီး ဖျောင်းဖျကြည့်ပေတော့" ဟု ကျွန်တော်က ပြောရလေသည်။

ထိုနေ့ည ကျွန်တော်တို့မှာ အိပ်ကောင်းခြင်း မအိပ်ကြရတော့ချေ။

နောက်နေ့နံနက်တွင် ကျွန်တော်သည် မသိဟန်ဖြင့် ခင်စိန်၏ မျက်နှာကို သေသေချာချာ ကြည့်မိလေသည်။ သူ့မျက်နှာမှာ ရှင့်ချော်ချော်ဖြစ်နေဟန်ရှိသည်။ သူ့မျက်လုံးက အရောင်တောက်လျက် ရှိချေသေးတော့သည်။

နေ့လယ်လောက်တွင် ကျွန်တော့်ဇနီးက "ခင်စိန့်ကို အကြောင်းအကျိုးပြောပြတော့ သူ နောက် သည်လို မလုပ်ပါဘူးလို့ ပြောတယ်" ဟု ပြောပြလေသည်။

"နောက် သည်လိုမလုပ်ပါဘူးဆိုရုံနဲ့ မပြီးသေးဘူးကွ။ သူ့ကို တင်မောင်ရဲ့အကြောင်းသိအောင် ပြောလိုက်သေးရဲ့လား"

"ပြောတာပေါ့၊ တင်မောင်ဟာ ဖာခေါင်း၊ ကောင်မလေးတွေ သူဖျက်ဆီးတာ များလှပြီ၊ နင်မကြားဖူးဘူးလားလို့ ကျွန်မက အေးတင်တို့ ဘုမတို့အကြောင်း ပြောလိုက်သေးတယ်"

"သည်တော့ သူ့မျက်နှာထားက ဘယ့်နှယ်နေသလဲ"

"အို သူ့မျက်နှာထားက ပြောင်တင်းတင်းပေါ့။ သူ ဘာမှ ပြန်မပြောဘူး၊ နောက်တစ်ခါ လက်မခံပါဘူးလို့လည်း ပြောတယ်"

ကျွန်တော်လည်း ဆေးပြင်းလိပ်ကို ဆက်လက်ဖွာနေတော့သည်။ ကျွန်တော့်ဇနီးလည်း နေ့လယ် လက်ဖက်ရည်ဖျော်ရန် မီးဖိုချောင်ဘက်သို့ ထသွားလေသည်။

ခင်စိန့်ပြဿနာသည် တဖြည်းဖြည်း ကြီးရင့်လာလေပြီ။ အိမ်မှနှင်ထုတ်လိုက်လျှင် အတန်းထဲသို့ နို့ဗွာန်ကူးတို့ပို့လိုက်သည်နှင့် တူချေမည်။ အိမ်တွင်ထားလျှင်လည်း သူ့အတွက် သက်သက်မဲ့ ဒုက္ခပိုနေရသည်။ လင်ပေးစားရန်လည်း မလွယ်ကူလှ။

ထိုအခိုက် ကျွန်တော် ရန်ကုန်မြို့သို့ အလုပ်ပြန်ဝင်ရသည်။ ကျွန်တော့်ဇနီးလည်း ခင်စိန့်အတွက် တစ်ထစ်တော့ အေးရပြီဟု အောက်မေ့ကာ ပျော်ရွှင်နေလေသည်။ "ညည်း ရန်ကုန်ကျရင် သည့်အကောင့်ရန် အေးရောပေါ့" ဟု ခင်စိန့်ကို ပြောလေသည်။ ခင်စိန်သည် ဘာမျှမပြောဘဲ ငေး၍ နေလေသည်။

"မဟုတ်ပါဘူး သည်ကောင်က ညည်းကိုဖျက်ဆီးနေတာ သိရက်နဲ့ ညည်းက စွဲနေသေးသလား"

ထိုအခါ ခင်စိန်က အသံထွက်အောင် ရယ်လိုက်ပြီးလျှင် "သည်အကောင်ကို မစွဲပါဘူး ဒေါ်ဒေါ်ရဲ့" ဟု ပြောလိုက်ပါသည်။

ထိုရယ်သံနှင့် ထိုစကားကို ကျွန်တော် ကြားလိုက်ရပါသည်။ ရယ်သံမှာ သံမှန်မဟုတ်။ ကျွန်တော်ပင်လျှင် အနည်းငယ် လန့်သလိုလိုဖြစ်သွားပါသည်။ သူ့ရယ်သံမှာ ခက်တရော်အသံဖြစ်သည်။ ကျွန်တော့်ဇနီးလည်း ဆက်၍ မပြောဘဲ ရန်ကုန်သို့ပြောင်းရန် ပစ္စည်းများ ထုပ်ပိုးရေးကို ဂရုပြုနေလေတော့သည်။

ခင်စိန်သည်လည်း ရန်ကုန်ပြောင်းရန် စိတ်အားထက်သန်စွာ ကူညီထုပ်ပိုးလျက်ရှိလေသည်။

ရန်ကုန်သို့ရောက်ပြီး တစ်လလောက်အတွင်းတွင် ခင်စိန်သည် အတော်ငြိမ်၍နေလေသည်။ သူ့အတိတ်ကိစ္စမှာ မေ့ပျောက်လုခမန်းဖြစ်လေပြီ။ ကျွန်တော့်ဇနီးက ကျွန်တော့်အား "ရန်ကုန်ရောက်တော့လည်း ခင်စိန် အငြိမ်သားပဲ" ဟု ပြုံး၍ပြောလေသေးသည်။

တစ်လကျော် နှစ်လလောက်တွင် အဒေါ်ကြီးတစ်ယောက် အိမ်သို့ ရောက်လာလေသည်။ ကျွန်တော်တို့မှာ အသိလည်းမဟုတ်၊ တစ်ခါမျှလည်း မမြင်ဖူးသဖြင့် ကြောင်တက်တက်ရှိနေစဉ် ခင်စိန်က "ဒေါ်လေး" ဟု ခေါ်ကာ ခရီးဦးကြို ပြုလေသည်။ အဒေါ်ကြီး၏ အဝတ်အစားအခြေအနေမှာ လူကုံထံထဲက မဟုတ်ကြောင်း ထင်ရှားလေသည်။ ဆင်းရဲသားထဲကပဲဟု တစ်ထစ်ချ ဆိုနိုင်တော့သည်။ အဒေါ်ကြီးက "မောင်ရင်နဲ့ တူမတို့က ကျုပ်တူမကို မွေးစားထားတာ ကျေးဇူးတင်ပါတယ်။ ကျုပ်မောင်က သူ့သမီး ဒီမှာရှိလေရဲ့ ခေါ်ပြီးထားလိုက်ပါ။ ပြီးတော့ သူ့ဆီကို ပြန်ပို့လိုက်ပါလို့ ရွာကမှာလိုက်တာနဲ့ အခု လာပြောရတာ

www.burmeseclassic.com



ပဲ"ဟု ပြောလေသည်။

ထိုအခါ ကျွန်တော်တို့မှာ အံ့အားသင့်နေကြပါသည်။ ခင်စိန်ကဝင်၍ "ကျွန်မ ဒေါ်ဒေါ်ကိုပြောဖူးတယ် မဟုတ်လား။ ကျွန်မတို့ အဒေါ်အရင်း၊ ရန်ကုန် ကျောက်မြောင်းထဲမှာ ရှိတယ်လို့" ဟု ထောက်လိုက်လေသည်။

ကျွန်တော့်ဇနီးသည် ထိုအခါမှ ခင်စိန် ရန်ကုန်သို့မလာမီ အမှတ်မဲ့ပြောခဲ့ဖူးသည့် စကားကို ပြန်၍သတိရမိလေသည်။ သို့နှင့်မကျေနပ်သေးဘဲ ကျွန်တော်က အဒေါ်ကြီးကို ခင်စိန်၏အမေ့အမည်နှင့် နေရပ်တို့ကို စစ်ကြည့်လေသည်။ အမှန်ကို တစ်သဝေမတိမ်း ပြောနိုင်ရုံမကသေး၊ ခင်စိန်၏ ဖခင်ထံမှဆိုသည့် စာတစ်စောင်ကို ထုတ်ပြလေသည်။ စာမှာလည်း စာမတတ်တတတ် တောသားတစ်ဦး၏ စာဖြစ်နေသည်။ သူ့သမီး ခင်စိန်ကို ပြန်ခေါ်ပြီးရွာသို့ ပြန်ပို့ပါဟု ပါရှိလေသည်။

အကျပ်ကြုံနေလေပြီ။ ကျွန်တော်တို့မှာ မယုံချင်သော်လည်း သက်သေအခိုင်အလုံနှင့် လာနေသောကြောင့် မယုံဘူးဟု မဆိုသာတော့ချေ။

"အဒေါ်လာခေါ်တာတော့ ဟုတ်ပါရဲ့။ ဒါပေမဲ့ ကျွန်တော်တို့မှာ တာဝန်ရှိတယ်။ ဒါကြောင့် အဒေါ်နဲ့အတူတူ သူ့ရွာကို ကျွန်တော့်တပည့်တစ်ယောက် အပို့ခိုင်းပါမယ်" ဟု ကျွန်တော်က တစ်နည်းဆင်၍ ပြောရပါတော့သည်။

"ဒါကတော့ မောင်ရင်ရယ်၊ အဒေါ်က ဘာလိမ်စရာရှိမလဲ။ ကိုယ့်တူမ ကိုယ်ပြန်ခေါ်တာပဲ။ ဒါပေမဲ့လေ ဟုတ်ပါတယ်။ ရန်ကုန်မှာဆိုတော့ အရှုပ်သားကိုး။ တာဝန်ကင်းအောင် လုပ်ချင်လည်း လုပ်တာပေါ့။ အဒေါ် ဒါဖြင့် သူ့ကိုနက်ဖြန်ပဲ ပြန်ပို့ချင်တယ်။ မောင့်တပည့်ကို အဒေါ်တို့ လိုက်ပို့ခိုင်းပါ" ဟု ဆိုလေသည်။

ထိုအခါ ကျွန်တော့်ဇနီးက ဖြတ်၍ ခင်စိန့်ဘက်သို့ လှည့်ကာ "ညည်းကကော ညည်းအမေ့အိမ် ပြန်ချင်သလား၊ ညည်းမိထွေးကို ကြောက်တယ်ဆို" ဟု မေးလိုက်ရာ ခင်စိန်ကပြုံး၍ "မိထွေးကြောက်ပေမဲ့ အဖေ့ကို လွမ်းသေးတော့ ပြန်ချင်တာပဲ ဒေါ်ဒေါ်ရဲ့" ဟု ချက်ချင်းပင် ပြန်ဖြေလေသည်။

နောက်နေ့တွင် ခင်စိန်သည် ကျွန်တော်တို့နှစ်ယောက်အား အနူးအညွတ်ကန်တော့၍ သူ့အဒေါ်နှင့်အတူ ကျွန်တော့်တပည့်နောက်သို့ လိုက်သွားလေသည်။

ကျွန်တော့်တပည့်ပြန်လာသောအခါ ကျွန်တော်က မေးစစ်ပါသည်။ "ဟေ့ မင်း သူတို့ရွာကို အရောက်ပို့လိုက်သလား။ ဟိုမှာ သူ့အဖေကို တွေ့ခဲ့သလား"

"ပို့ခဲ့ပါတယ် ဆရာရယ်၊ သူ့အဖေဆိုတာ သိပ်မကြီးသေးပါကလား၊ အသက်သုံးဆယ်ကျော်လောက် ရှိသေးတယ်"

"ဟယ် ဘယ်ဖြစ်နိုင်ပါ့မလဲ၊ သူ့အသက်ပဲ နှစ်ဆယ်ကျော်ပြီဟာ သူ့အဖေ သုံးဆယ်ကျော်ဆိုလို့ ဘယ်ဖြစ်နိုင်ပါ့မလဲဟာ"

"မသိပါဘူးဆရာ၊ သုံးဆယ်ကျော်လောက်ပဲ ထင်ရတာပဲ"

ကျွန်တော့်စိတ်တွင် ထင့်ခနဲဖြစ်သွားပါသည်။ ကျွန်တော့်ဇနီးမှာ မျက်လုံးပြူးသွားလေတော့သည်။ ထိုအခါ သတိရ၍ တပည့်အား "ဟေ့ သူ့အဖေဆိုတာ ခပ်ဝဝ၊ မျက်နှာကျောက်ပေါက်မာသက်သက်နဲ့ ပါးမှာ မှဲ့ခုတ်ရာကြီး ရှိတယ်မဟုတ်လား" ဟု လမ်းကြောင်း၍ မေးလိုက်ရာ တပည့်က "ဟာ ဟုတ်တယ်ဆရာ၊ ဆရာ မြင်ဖူးတယ် မဟုတ်လား" ဟု ဖြေလေသည်။

ကျွန်တော့်ဇနီးမှာ မျက်နှာအကြီးအကျယ်ပျက်ကာ "လက်စသတ်တော့ တင်မောင့်လက်ချက်ပဲ" ဟု ပါးစပ်မှ ရုတ်တရက်ထွက်သွားလေတော့သတည်း။

❖

အတွဲ-၁၊ အမှတ်-၄၊ ၁၉၄၇၊ ဩဂုတ်၊ ရှုမဝ မဂ္ဂဇင်း

BURMESE CLASSIC .com

*** လူ့ရွာအဝင်၊ ဝေါဟာပြီးသား၊ သဘိတစ်ကောင်၊ နွားတစ်ထောင်သို့၊ လုံအောင်အမြဲ၊ စောင့်နိုင်ခဲ့ဟု၊ မလွဲပမာ၊ နှမ်းတွင်းမှာလျှင်၊ ရာဇမ္မေဘ၊ မြိန်ရှုဖြင့်၊ နေ့ညမကင်း၊ စောင့်ပါလျှင်လည်း၊ လက်တွင်းကသာ၊ သူ့ဘက်ပါ၍၊ ချစ်ညာမဆန်း၊ ချစ်မပြန်တည့်၊ ဝက်ခွံ့မျိုး၊ အတွင်းဆိုးနှင့်၊ ရိုးသည်မရှိ၊ များလှဘိရှင်း ။ ***

www.burmeseclassic.com